ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့(9-12-2011) (မြဖ၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ICTကဏ္ဍအပါအဝင် လိုအပ်သည့်အခြေခံအဆောက်အအုံများ တိုးချဲ့ဆောင်ရွက်နေ ပိုမိုပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်ကိုတည်ဆောက်နေပြီး ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်လျက်ရှိ ကျေးလက်ပြည်သူများအထိ ICTအသုံးပြုမှုပျံ့နှံ့စေရေး မိမိတို့အစိုးရသစ်လက်ထက်တွင် တိုးချဲ့ဆောင်ရွက်နေ

## ဘဏ်စနစ်အပါအဝင် စီးပွားရေးလုပ်ငန်းစဉ်များကို ICT ဖြင့် မလွဲမသွေ လုပ်ဆောင်သွားရမည်

နေပြည်တော် ဒီဇင်ဘာ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (THE 11th ASEAN TELECOMMUNICATIONS & INFORMATION TECHNOLOGY MINISTERS MEETING-TELMIN) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးပြီး မိန့်ခွန်းပြောကြားသည်။**

**☆ အာဆီယံဒေသအတွင်း၌ ICT ကဏ္ဍသည် ကမ္ဘာတစ်ဝန်းနည်းတူ အထူးလျင်မြန်သည့်နှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိ။**

**☆ ICT သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသကဲ့သို့ သန့်ရှင်းမှုရှိပြီး ကောင်းမွန်စွာဆောင်ရွက်သည့် အစိုးရတစ်ရပ် Good Governance and Clean Government ဖြစ်ရန်အတွက်လည်း အထူးအရေးပါ။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၉ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိပြီး ပထမထပ်ရှိ VIP Holding Room ၌ အစည်းအဝေးသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်များအား လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၁)ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၉-၁၂-၂၀၁၁ [သောကြာနေ့]။

# ငြိမ်းချမ်းရေးအတွက် ဖွင့်ပေးထားသော တံခါးများ

**နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း လုံခြုံစေချင်သည်။**
**နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်သည်။**

ဤသည်မှာ မြန်မာနိုင်ငံဖွား တိုင်းရင်းသားပြည်သူအားလုံးတို့၏ ဆန္ဒများ ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးတို့၏ ခံစားချက်များလည်း ဖြစ်သည်။

အထူးသဖြင့် မတည်ငြိမ် မငြိမ်းချမ်းသော ဝန်းကျင်ဒေသများတွင် ရှင်သန်နေထိုင်ကြရသည့် ပြည်သူများက တည်ငြိမ်အေးချမ်းလုံခြုံသည့် အခြေအနေကို တောင့်တကြသည်။ ငြိမ်းချမ်းသည့်ဘဝများကို မျှော်လင့်ကြသည်။ မိမိတို့နေထိုင်ကြသည့် အိုးအိမ်၊ လုပ်ကိုင်စားသောက်ကြရသည့် မြေယာနှင့် လုပ်ငန်းကိုင်ငန်းတို့ကိုပစ်ကာ ကျီးလန့်စာစားဘဝဖြင့် ပြေးလွှား တိမ်းရှောင် ပုန်းအောင်းခိုလှုံနေကြရသည့်အခြေအနေကို မည်သူမျှ မလိုလားကြ။

**"ထာဝရငြိမ်းချမ်းရေးဆိုတာကတော့ ဥပဒေဘောင်ထဲ အားလုံးဝင်ရောက်လာကြပြီးမှ ဥပဒေတစ်ခုတည်းအောက်မှာ တို့တွေဟာ အားလုံးအတူတကွနေထိုင်လုပ်ကိုင်စားသောက်ပြီးတော့ သွားမယ်။ ခုနလို ပါတီဖွဲ့သင့်တဲ့လူတွေက ဖွဲ့၊ စီးပွားရေးလုပ်သင့်တဲ့လူတွေကလုပ်၊ ပြီးရင် ခုနကလို လွှတ်တော်ထဲရောက်လာနိုင်အောင် အကုန်လုံး တို့တိုင်းရင်းသားတွေဟာ တန်းတူရည်တူနဲ့ ဆက်ဆံကြရမှာပဲ"**

**"တချို့ကိစ္စတွေကျတော့လည်း လူမျိုးရေးနဲ့ပတ်သက်တဲ့ဟာလေးတွေ ခုနကလို ကျွန်တော်တို့ အမြင်မတူတာတွေရှိတယ်၊ အသွင်မတူတာတွေရှိတယ်၊ သဘောထားမတူတာတွေရှိတယ်၊ ဒါတွေလည်း နောင်ကြုံကြိုက်လာလို့ရှိရင်၊ လွှတ်တော်ထဲရောက်လာလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ခွင့် အပိုဒ်တစ်ပိုဒ်ပါပြီးသား ဖြစ်ပါတယ်၊ ဒါတွေက ခုနလို အများရဲ့ဆန္ဒကို ရယူပြီးတော့ ပြင်ဆင်သွားလို့ရှိရင် ဒါရနိုင်တဲ့ အနေအထားမျိုးရှိပါတယ်"**

**"နောက်တစ်ခုကတော့ လက်နက်စွန့်ရေး၊ သူတို့နဲ့ ကျွန်တော်တို့နဲ့ ညှိနှိုင်းလို့ရရင် သူတို့ဒေသတွေဟာ စားဝတ်နေရေး အဆင်ပြေလိမ့်မယ်၊ ကျွန်တော်တို့ သူတို့နဲ့ပေါင်းပြီး ဘာတွေလုပ်ပေးမလဲ၊ ကျွန်တော်တို့ မျှော်မှန်းထားတာကတော့ စက်မှုဇုန်တွေ ကျွန်တော်တို့ ထူထောင်မယ်"**

အဆိုပါ ကောက်နုတ်ချက်များမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလ နိုဝင်ဘာ ၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်တွင်းပြည်ပမီဒီယာများနှင့် ပထမဆုံးအကြိမ်တွေ့ဆုံရာတွင် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားချက်များမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်သည်။

ဥပဒေဘောင်အတွင်းမှာ တန်းတူရည်တူ ဆက်ဆံမည်၊ တိုင်းရင်းသားရေးရာကိစ္စများကို လွှတ်တော်အတွင်းမှာ အများဆန္ဒဖြင့် ပြင်ဆင်နိုင်သည်၊ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုသည့် သဘောထားများကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဖွင့်ပေးထားသော တံခါးများပင် ဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုမရှိဘဲနှင့် ခေတ်မီဖွံ့ဖြိုးဖို့ မည်သို့မျှ မလုပ်နိုင်။ လက်နက်စွဲကိုင်တိုက်ခိုက်နေခြင်းဖြင့် အဓိကနစ်မွန်းရသူမှာ ဒေသတွင်းမှာ ရှိနေသည့် ပြည်သူများပင်ဖြစ်သည်။ အေးချမ်းစွာ လုပ်ကိုင်စားသောက်၍ မရ၊ စီးပွားရှာ၍မရ၊ ပညာသင်၍မရ၊ လူလုံးမလှဖြစ်ကာ ကြာလေလေ မျိုးနှင့်ရိုးနှင့်ချီ၍ နစ်နာရလေလေ ဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ဘဝနှင့် တိုင်းရင်းသားပြည်သူတို့၏ဆန္ဒကို အလေးအနက်ပြု စာနာထောက်ထားကာ ငြိမ်းချမ်းရေးအတွက် ဖွင့်ပေးထားသော တံခါးများဆီ လှမ်းဝင်လာကြရန် အချိန်အခါသင့်နေပေပြီ။ ။



ဒီဇင်ဘာ ၈ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည့် (၄၅)နှစ်မြောက် စင်ကာပူ-မြန်မာသံတမန်ဆက်ဆံရေးထူထောင်သည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Chua Hian Kong Robert ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်အတွက် လှူဒါန်းမှုများ

**ရန်ကုန် ဒီဇင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ၁၆ ရက်ကြာ ယာယီသီတင်းသုံး အပူဇော်ခံခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်သည်။

ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းတွင် ဗုဒ္ဓမြတ်စွယ်တော် စတင်အပူဇော်ခံသည့် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ အလှူခံဌာနများ၏အလှူခံရရှိမှု စုစုပေါင်းမှာ ငွေကျပ် ၁၅၀၈၁၆၈၉၈၆၊ အမေရိကန်ဒေါ်လာ ၃၃၇၉၉ ၊ FEC ၃၇၈၉ ယူနစ်၊ ယူရို ၁၅၇၊ စင်ကာပူဒေါ်လာ ၄၄၁၂ ဒသမ ၇၅၊ ဩစတြေးလျဒေါ်လာ ၁၈၀၊ ဟောင်ကောင်ဒေါ်လာ ၆၈၁၊ တရုတ်ယွမ် ၁၇၆၆၈၊ တရုတ်ဂျောင် ၅၉၀၊ ထိုင်းဘတ် ၅၃၃၉၀၊ ဗီယက်နမ်ဒေါင် ၁၈၅၇၇၀၂၊ ကိုရီးယားဝမ် ၃၀၆၀၀၀၊ ဂျပန်ယန်း ၉၆၆၀၀၊ ဂျပန်ရူပီ ၅၅၊ တူရကီငွေ ၁၂၅၀၀၄၀၊ ကမ္ဘောဒီးယား ရီယယ် ၄၈၁၅၀၊ ဖိလစ်ပိုင်ပီဆို၅၈၀၅၊ အင်ဒိုနီးရှား ရူပီးယား ၁၁၅၇၇၀၀၊ အိန္ဒိယရူပီး ၉၈၀၄၊ မလေးရှားရင်းဂစ် ၅၀၈၀၊ လာအိုကစ် ၂၉၈၀၀၀၊ သီရိလင်္ကာ ရူပီး ၂၁၉၁၊ နီပေါရူပီး ၃၄၁၊ ဘရူနိုင်းဒေါ်လာ ၇၉၊ ထိုင်ဝမ်ငွေ ၅၀၀၀၊ ကင်ညာငွေ ၃၄၀၊ မက္ကဆီကိုငွေ ၅၂၁၀၊ အိုမန်ငွေ ၈၀၀၊ နိုင်ဂျီးရီးယားငွေ ၃၉၅၊ အန်ဂိုလာငွေ ၇၀၈၀၀၀၊ ယူဂန်ဒါငွေ ၅၀၀၀၊ အီဂျစ်ငွေ ၁၃၅၊ အာဂျင်တီးနားငွေ ၆၈၊ ဆော်ဒီငွေ ၂၅၊ ထရီနီဒတ်ငွေ ၁၁၊ တောင်အာဖရိကငွေ ၃၀၊ ချီလီငွေ ၃၀၀၀၊ ဒိန်းမတ်ငွေ ၁၂၀၊ လစ်သူရေးနီးယားငွေ ၂၊ ပါကစ္စတန်ငွေ ၅၀၊ ကနေဒါငွေ ၂၀၊ ကာတာငွေ ၂၈၊ ဘင်္ဂလားဒေ့ရှ်ငွေ ၄၄၁၊ အာရပ်ငွေ ၁၈၅၊ ဂမ်ဘီယာငွေ ၁၀၀၊ ဥရုဂွေးငွေ ၆၂၀၊ မော်လ်ဒိုက်ငွေ ၅၊ ဘရာဇီးငွေ ၁၀၅၂၊ ဂါနာငွေ ၇၀၀၅၊ ဗင်နီဇွဲလားငွေ ၂၆၈၅၊ လစ်ဘီးယားငွေ ၁၂၀၊ ဘာရိန်းငွေ ၁၊ အီရန်ငွေ ၁၀၀၀၊ ရိုမေးနီးယားငွေ ၂၀၀၀၊ စကော့တလန်ငွေ ၂၀၊ စပိန်ငွေ ၂၀၀၀၊ တိုဂိုငွေ ၂၅၀၀၊ ဆူဒန်ငွေ ၁၀၀၊ ဆီးရီးယားငွေ ၁၅၀၀၀၊ ဆာဘီးယားငွေ ၁၀၀၊ အင်္ဂလန်ပေါင် ၁၀၅နှင့် ရွှေငွေလက်ဝတ် ရတနာမျိုးစုံ ၈၃၇၇ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၉၆၀၀၆၀၀ တို့ ဖြစ်သည်။

ဒီဇင်ဘာ ၇ ရက်ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၄၀၀၃၃၇၂၅၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၂၂၇၀၀၈၀၊ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးက ငွေကျပ် ငါးသိန်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး(အထူး-၂)က ငွေကျပ် ၃၇၀၀၀၀၊ ဒုတိယအင်ဂျင်နီယာမှူးကြီး (တံတားအထူး-၁) က ငွေကျပ် ၄၀၀၀၀၀၀၊ (အထူး-၂) အင်ဂျင်နီယာနှင့်ဝန်ထမ်းများက ငွေကျပ် ၁၀၀၀၀၀၀၊ ဘဏ္ဍာရေးဆပ်ကော်မတီ(ရန်ကုန်)လုပ်ငန်းအဖွဲ့က ငွေကျပ် ၁၂၆၂၅၀၀၊ ဘဏ္ဍာရေးဆပ်ကော်မတီ (လုပ်အားပေးဝန်ထမ်းများ)က ငွေကျပ် ၁၈၀၀၀၀၊ သားကြီး ဦးမျိုးမင်းထွန်း(ခ)မင်းမင်း၊ သားငယ် ဒေါက်တာအောင်ဇော်ထွန်း (ခ)ဖိုးဇော်တို့အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှထွန်း၊ ဇနီး ဒေါ်ညွန့်ညွန့်သန်းနှင့် သားသမီးမြေးများက ငွေကျပ် နှစ်သိန်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝမ်းသာမိပါသည်

သတင်းမှတ်စု-ကိုကြီးသာ

ရန်ကုန်မြို့ကို စင်ကာပူကဲ့သို့ ဖြစ်လာအောင် ဆောင်ရွက်မည်ဆိုသည့် သတင်းများကို ဂျာနယ်များ၌ ဖတ်ရှုရသဖြင့် ဝမ်းသာရသည်။ စင်ကာပူမြို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီး သန့်ရှင်းသပ်ရပ်လှပသည်ဟု သိရသည်။

စင်ကာပူမြို့ တည်ဆောက်စဉ်က ရန်ကုန်မြို့၏ လှပသန့်ရှင်းမှုများကို နမူနာယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ စင်ကာပူတွင် မန္တလေးလမ်းအစရှိသည့် မိမိတို့နိုင်ငံမှ လမ်းအမည်များကို ပေးထားသည်မှာ မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူနေရသည့် အချက်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သန့်ရှင်းသော မြို့ကြီးအဖြစ် ကမ္ဘာတွင် မှတ်တမ်းဝင်နေသည့် စင်ကာပူကဲ့သို့ဖြစ်အောင် ရန်ကုန်မြို့ကို လုပ်ဆောင်သွားမည်ဆိုသည့် ဝမ်းမြောက်ဖွယ် စကားသံကို မြန်မာနိုင်ငံသားတိုင်း ကျေနပ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

စင်ကာပူမြို့ကြီးကဲ့သို့ ဖြစ်အောင် ကြံဆောင်ရာတွင် မိမိတို့ကိုယ်တိုင်ကလည်း ပူးပေါင်းပါဝင်ရန်၊ စည်းကမ်းရှိရန် လိုအပ်ပါသည်။ နိုင်ငံကြီးသား ပီသမှုသာ ဖွံ့ဖြိုးစည်ပင်မှု၊ သာယာလှပမှု ရေရှည်တည်တံ့မည်ဖြစ်သဖြင့် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ကြိုဆိုပါသည်။ ဝမ်းသာမိပါသည်ဟု ထုတ်ဖော်ပါရစေ။ ။

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁၂-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၀၅ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၀ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | ဇာတ်လမ်းတို |
| ၄း၂၅ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၀ | ၇။ | မှတ်တမ်း |
| ၄း၃၅ | ၈။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ၉။ | အိုင်စီတီသုတ |
| ၅း၁၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၁။ | လည်မယ်. . . စားမယ် |
| | | ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၈) |
| ၆း၀၀ | ၁၂။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | ၁၄။ | 'ရွာ'ဟာသဇာတ်လမ်းတွဲ -ဝဋ်ကြွေးကုန်သင် (သူရဇ္ဈ၊ ဝင်းသပြေထွန်း၊ နိုင်ဝင်းနှင့် သရုပ်ဆောင်များ) |
| ၆း၄၅ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား -စူပါဟမ်းစတား (အပိုင်း-၄) |
| ၇း၀၀ | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၈)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၂၀။ | နိုင်ငံတကာသတင်း |
| | ၂၁။ | မိုးလေဝသသတင်း |
| | ၂၂။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၂၃။ | သံစဉ်များနှင့်ကမ္ဘာ |
| | ၂၄။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၈)** |
| | ၂၆။ | ကမ္ဘာတစ်ခွင်ခရီးစဉ် |

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အလှူမင်္ဂလာဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၂)ကြိမ်မြောက် အလှူမင်္ဂလာ ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်(စနေနေ့) ညနေပိုင်းတွင် ယင်းဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူမင်္ဂလာဈေးရောင်းပွဲတော်တွင် စားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လက်ဆောင်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၃၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရောင်းရငွေများအားလုံးကို ယင်းဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။ ထို့ပြင် ဘောလုံးပစ်၊ မြားပစ် စသောပျော်ရွှင်ဖွယ်ရာ ကစားနည်းများလည်း ပါဝင်မည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် မောင်မေတ္တာနှင့် အပေါင်းအသင်းများ၏ အနုပညာဒါနအငြိမ့်အဖွဲ့နှင့်အတူ တေးသံရှင်များက မြန်မာသံစဉ်များဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ (သတင်းစဉ်)

# အင်းမ အထက ငွေရတု ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမ အထကမှ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၇၂ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ တွဲဖက်အထကတွင် သင်ကြားပို့ချပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား (၂၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် အင်းမအသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲကို အင်းမမြို့ အထက သီတဂူခန်းမ၌ ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန် ဖိတ်ကြားထားပြီး အလှူငွေထည့်ဝင်လိုသူများသည် ရန်ကုန်မြို့တွင် ဦးမျိုးထွန်းအောင် ဖုန်း-၅၈၆၅၁၇၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၄၂၆၂၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၀၂၉၅၀၊ ဦးသန်းဝင်း ဖုန်း-၀၅၃-၅၈၂၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၁၄၈ | ၀. ၀၃၂၅၆ |
| တရုတ် (ယွမ်) | ၆. ၃၅၄၈၀ | ၀. ၁၅၇၃၆ |
| အိန္ဒိယ (ရူပီး) | ၅၁. ၇၀၀၇ | ၀. ၀၁၉၃၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၃၄၂ | ၀. ၃၁၉၁၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၇၄၉ | ၀. ၇၇၆၇၁ |
| ဂျပန် (ယန်း) | ၇၇. ၃၅၆၆ | ၀. ၀၁၂၉၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၂. ၆၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၆၄၅ | ၁. ၃၃၉၆၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၆၁၈ | ၁. ၅၇၁၈၇ |

အင်တာနက်။

# စီးပွားဖြစ်သစ်ခွစိုက်ပျိုးရေးသင်တန်း ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ်သစ်ခွစိုက်ပျိုးရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၁ ) ကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် စာရွက်စာတမ်းကြေးအပါအဝင် ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း- ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (၄၅)



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ပဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

## လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Department for International Development Head of Office Mr. Paul Whittingham နှင့် UNOPS မှ LIFT ညွှန်ကြားရေးမှူး Mr. Andrew နှင့် အင်္ဂလန်နိုင်ငံမှ Independent Consultant, LIFT ၏ အကြံပေးအရာရှိ Mr. Mike Wales တို့အဖွဲ့သည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး လက်တွေ့လုပ်ငန်းများတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးထွန်းလွင်ဦးအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ ဖိတ်စာထုတ်ယူရန် နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**နှိုးဆော်ထား**

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် ဒီဇင်ဘာ ၁၂ ရက် (တနင်္လာနေ့)မှစ၍ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ထုတ်ယူရန် နှိုးဆော်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်ဆေးရေးစွမ်းရည်များ အစဉ်ထက်မြက်စေရန် အမြဲမပြတ် ဆည်းပူးလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၈**

စစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေး ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိသည့် စည်းမျဉ်းမကျမှုများနှင့် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု အားနည်းချက်များကို အချိန်မီ ပြုပြင်ပေးခြင်းဖြင့် အဖွဲ့အစည်းနှင့် နိုင်ငံ၏ အကျိုးစီးပွားကို ကြိုတင်ကာကွယ်ပေးနိုင်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းက မိမိအရည်အချင်းနှင့် အရည်အသွေး တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းကြမှသာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏အရည်အချင်းနှင့် အရည်အသွေး တိုးတက်မြင့်မားမှုကို ဖော်ညွှန်းရာ ရောက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဂုဏ်သိက္ခာ မြှင့်တင်ပေးရာရောက် ကြောင်း၊ စစ်ဆေးရေးစွမ်းရည်များ အစဉ်ထက်မြက်စေရန် အမြဲမပြတ် ဆည်းပူးလေ့လာကြရန် အထူးမှာကြားလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထား ပြုလောက်သည့်သူများအဖြစ် ခိုင်မာစွာ ရပ်တည်နေထိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စီမံခန့်ခွဲရေးပိုင်းမှ တာဝန်ရှိဝန်ထမ်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က တွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် ညွှန်ကြားရေးမှူးချုပ် (တာဝန်)နှင့် တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် မွေးထုတ်ပေးနိုင်ရေး၊ ပြုစုပျိုးထောင်ပေးနိုင်ရေးသည် ပဓာနအကျဆုံး အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၈

**ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးကို တည်ဆောက်ကြရာတွင် နိုင်ငံတော်အတွင်း အရည်အသွေးရော အရည်အချင်းပါမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် မွေးထုတ်ပေးနိုင်ရေး၊ ပြုစုပျိုးထောင်ပေးနိုင်ရေးသည် ပဓာနအကျဆုံး အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဇေယျာပဒေသာဖောင်ဒေးရှင်းကကြီးမှူး၍ ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် ICT (Hardware Training) သင်တန်းသည် ပဓာနအကျဆုံး အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်လိုက်ခြင်းဖြစ်ကြောင်း။**

အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ရာ၌ အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်စွာ ကိုယ့်အားကိုယ်ကိုး ထိန်းကျောင်းနိုင်ရန် အထူးလိုအပ်ကြောင်း၊ ICT (Hardware Training) သင်တန်းဖွင့်ပြီး PGDMA ဘွဲ့ရ အလယ်တန်းပြ ဆရာ၊ ဆရာမများအား သင်ကြားပို့ချပေးခြင်းသည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်းဖြင့် ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသည့် ကွန်ပျူတာ (Hardware Training) သင်တန်း၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့နယ် မင်းမြင်ရေလှောင်တမံ တည်ဆောက်နေမှုကို လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့နယ် သိန်ရင်ရေလှောင်တမံတည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကန့်ဘလူမြို့နယ် ထန်းကုန်း-ကာဘိုး မြေသားလမ်း ၁၃ မိုင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဦး-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၃၆/၃) နှင့် (၁၃၆/၄) အကြားကွင်းအမှတ်(၁-၂၇၉) မကျီးတောကျေးရွာ တောင်သူ ဦးလှဝင်း၏ ရွှေဘို(၁)စပါး ၁ ဒသမ ၅ ဧက ရိတ်သိမ်းခြွေလှေ့နေမှု၊ ဒီပဲယင်းမြို့နယ် ရေဦး-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၂၀/၃)နှင့် (၁၂၀/၄) အကြားရှိ အေးသာယာကျေးရွာ ကွင်းအမှတ် (၁၇၄၆) တောင်သူ ဦးမျိုးအောင်၏ ရောမင်းစပါး ၁ ဒသမ ၇ ဧက မိုးစပါးစံကွက် ရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အလက(၁၂)အင်းစိန် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

အလက (၁၂)အင်းစိန်၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေ ထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်စိုးဦး ဖုန်း-၀၉-၅၁၁၆၉၂၄၊ ဒေါက်တာအေးအေး ဖုန်း-၀၉-၅၀၇၉၆၆၅၊ ဦးညီညီအောင် ဖုန်း-၀၉-၅၄၀၂၅၆၅၊ မမိုးစန္ဒာလွင် ဖုန်း-၀၉-၅၁၇၆၇၉၈၊ ကိုသွင်ဟိန်း ဖုန်း-၀၉-၅၅၀၁၀၅၉၊ ဒေါက်တာထက်အောင်ကျော် ဖုန်း-၀၉-၅၀၃၀၅၅၆၊ ဒေါက်တာဉာဏ်ဝင်းခင် ဖုန်း-၀၉-၅၀၇၄၁၈၇နှင့် ကိုကျော်စွာဝင်း ဖုန်း-၀၉-၄၉၃၀၅၇၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရုပ်သံရိုက်ကူးရေး၊ ထုတ်လွှင့်ရေးနှင့် သက်ဆိုင်သည့် ရိုက်ကူးရေးကင်မရာများ အပါအဝင် ဆက်စပ်ပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင်မှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရုပ်သံရိုက်ကူးထုတ်လွှင့်ရေးနှင့် သက်ဆိုင်သည့်ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်လာစေလိုသည့် ရည်ရွယ်ချက်ဖြင့် ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင် (Korea Communication Commissions) က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရုပ်သံရိုက်ကူးရေး၊ ထုတ်လွှင့်ရေးနှင့်သက်ဆိုင်သည့် ရိုက်ကူးရေးကင်မရာများ အပါအဝင် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန Deligates Listeing Room ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန VIP Holding Room ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင်မှ အမြဲတမ်းကော်မရှင်အဖွဲ့ဝင် Mr. Yong. Sup Shin တို့ တွေ့ဆုံကြပြီး အစဉ်အလာရှိခဲ့သည့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ချစ်ကြည်ရင်းနှီးမှု အခြေအနေများကို လည်းကောင်း၊ နှစ်နိုင်ငံအကြား သတင်းမီဒီယာကဏ္ဍတွင် ယခုထက်ပိုမို၍ လျင်မြန်သွက်လက်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နည်းပညာပိုင်းဆိုင်ရာ မြင့်မားတိုးတက်လာစေရေး ကဏ္ဍရပ်များနှင့်စပ်လျဉ်းသည့် အခြေအနေများကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ရုပ်သံရိုက်ကူးရေး၊ ထုတ်လွှင့်ရေးနှင့်သက်ဆိုင်သည့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင်မှ အမြဲတမ်းကော်မရှင်အဖွဲ့ဝင် Mr. Yong. Sup Shin က လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ၏ သတင်းပြန်ကြားရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ယခုကဲ့သို့ ပစ္စည်းများလွှဲပြောင်းပေးအပ်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်လာစေရန်အတွက် နည်းပညာပိုင်းနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းတိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ Mr. Yong. Sup Shin က ရုပ်သံရိုက်ကူးရေး၊ ထုတ်လွှင့်ရေးနှင့် သက်ဆိုင်သည့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံပြီး လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ကိုရီးယားရုပ်သံနှင့် သတင်းထုတ်ပြန်ရေးကော်မရှင်မှ အမြဲတမ်းကော်မရှင်အဖွဲ့ဝင်နှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# သမိုင်းဝင် မော်ကွန်းမှတ်တမ်းလွှာများကို တောင်ကိုရီးယားသို့ ဂျပန်လွှဲပြောင်းပေးအပ်

ဆိုးလ် ဒီဇင်ဘာ ၈

**ကိုရီးယားကျွန်းဆွယ်ကို ကိုလိုနီအဖြစ် အုပ်ချုပ်ခဲ့စဉ်ကာလအတွင်းက သိမ်းယူခံခဲ့ရသော မော်ကွန်းမှတ်တမ်းလွှာများကို ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၈ရက်တွင် ရေးသားဖော်ပြသည်။**

တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်တိုးတက်လာသည့် လက္ခဏာတစ်ရပ်အဖြစ် ဂျပန်နိုင်ငံက သမိုင်းဝင်မော်ကွန်းမှတ်တမ်းများကို ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံကလွှဲပြောင်းပေးအပ်သောသမိုင်းဝင်အထောက်အထားများအား လက်ခံသည့်အခမ်းအနားတစ်ရပ်ကို မြို့တော်ဆိုးလ်ရှိ အင်ချွန်နိုင်ငံတကာလေဆိပ်၌ ကျင်းပခဲ့ပြီး ရိုးရာတေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ နှစ်နိုင်ငံတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံက လွှဲပြောင်းပေးအပ်သော သမိုင်းမော်ကွန်းများတွင် ဂျိုဆွန်းမင်းဆက်ကာလ တော်ဝင်မိသားစု၏ ထိမ်းမြားလက်ထပ်ပွဲဆိုင်ရာမှတ်တမ်းဓာတ်ပုံများ၊ ဈာပနအခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ ညစာစားပွဲမှတ်တမ်း ဓာတ်ပုံများနှင့် ထူးခြားဖြစ်စဉ်များနှင့် သက်ဆိုင်သော မှတ်တမ်းဓာတ်ပုံများနှင့် စာလွှာစာတမ်းများ ပါဝင်သည်။

ဂျိုဆွန်းမင်းဆက်သည် ၁၄ရာစုမှ ၁၉၁၀ပြည့်နှစ်တွင် ဂျပန်၏ ကိုလိုနီအုပ်ချုပ်ရေးအောက်သို့ ကျရောက်ချိန်အထိ သက်တမ်းကြာမြင့်ခဲ့သည်။

**အင်တာနက်။**



တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ စစ်သမိုင်းပြတိုက်၏ ပြခန်းဆောင်တစ်နေရာကိုတွေ့ရစဉ်။

# အမေရိကန်၏ ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခံခဲ့ရမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

ဝါရှင်တန် ဒီဇင်ဘာ ၈

**ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခံရမှု နှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့နှင့် ပုလဲဆိပ်ကမ်းတို့၌ ဒီဇင်ဘာ ၇ရက်က ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။**

ဝါရှင်တန်ရှိ ရေတပ်အထိမ်းအမှတ်ဗိမာန်၌ ကျင်းပသော အခမ်းအနားတွင် ကာကွယ်ရေး ဝန်ကြီး လီယွန်ပါနက်တာက လွမ်းသူ့ပန်းခွေချခဲ့သည်။

ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခံခဲ့ရသည့် သမိုင်းဝင်ဖြစ်ရပ်ကို အကြောင်းပြု၍ ပြည်သူများအတွင်း စစ်ရေးတာဝန်ထမ်းဆောင်လိုစိတ် မြင့်တက်ခဲ့သည့်နည်းတူ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်ကို အကြောင်းပြု၍ မျိုးဆက်သစ်လူငယ်များအတွင်း ဇာတိမာန်လှုံ့ဆော်မှုဖြစ်ပေါ်ရကြောင်း ၎င်းက ပြောကြားသည်။

ဟာဝိုင်ယီကျွန်းရှိ ပုလဲဆိပ်ကမ်း၌ ကျင်းပသောအခမ်းအနားသို့ အမေရိကန်ရေတပ်ဝန်ကြီး ရေးမာဘတ်စ်၊ ရေတပ်အကြီးအကဲများနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်နိုင်ငံ၏ ပထမဆုံးတိုက်ပွဲဖြစ်ခဲ့သော ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှုတွင် စစ်သည်နှင့် အရပ်သား ၂၄၀၀ ကျော် သေဆုံးခဲ့ရသည်။ ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူများအား ဂုဏ်ပြုကြောင်း သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။ **ဆင်ဟွာ။**

# တရုတ်နှင့် အမေရိကန် ကာကွယ်ရေးတာဝန်ရှိသူများ မြို့တော်ပေကျင်း၌ စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



စစ်ရေးလေ့ကျင့်နေသော တရုတ်စစ်သမီးများ။

ပေကျင်း ဒီဇင်ဘာ ၈

တရုတ်နှင့် အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူများ၏ စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲကို မြို့တော်ပေကျင်း၌ ဒီဇင်ဘာ ၇ရက်က ကျင်းပကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်တိုင်ပေသို့ အမေရိကန်နိုင်ငံက စစ်လက်နက်ပစ္စည်းများ ရောင်းချပေးခြင်းနှင့် ဩစတြေးလျနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များကို ဖြန့်ကြက်ရန် စီစဉ်နေခြင်းတို့နှင့် ပတ်သက်၍ တရုတ်နှင့်အမေရိကန်အကြားဆက်ဆံရေး ခလုတ်ကန်သင်းများ ဖြစ်ပေါ်နေချိန်အတွင်း စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ရေတပ်စွမ်းပကားကိုမြှင့်တင်ရန် သမ္မတဟူကျင်တောင်က တိုက်တွန်းခဲ့ပြီးနောက် တစ်ရက်အကြာတွင် စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ အမေရိကန်ကာကွယ်ရေးမူဝါဒရေးရာ လက်ထောက်ဝန်ကြီး မစ်ချယ်ဖလာနွိုင်းနှင့် တရုတ်နိုင်ငံကာကွယ်ရေး လက်ထောက်ဝန်ကြီး မာကျောက်တန်တို့ တက်ရောက်ကြသည်။

တရုတ်နှင့် အမေရိကန်တို့ ဝန်ကြီးဌာနအဆင့်ရှိ စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်းသည် စက်တင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

မိမိတို့နှစ်နိုင်ငံသည် စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကို ဆက်လက်ပြုလုပ်သွားကြမည်ဖြစ်ကြောင်း တရုတ် လက်ထောက်ဝန်ကြီးက ပြောကြားသည်။

**အင်တာနက်။**



# အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ရွှေ့ပြောင်းခိုလှုံကြ



အင်ဒိုနီးရှားနိုင်ငံရှိ ဂါမာလာမာ မီးတောင်ကို တွေ့ရစဉ်။

ဂျကာတာ ဒီဇင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ မာလူးကူးမြောက်ပိုင်းပြည်နယ်ရှိ ဂါမာလာမာ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ ၂၂၀၉ဦးသည် ဘေးအန္တရာယ်ကင်းရှင်းရာဒေသသို့ ရွှေ့ပြောင်းခိုလှုံနေကြရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက ဒီဇင်ဘာ ၈ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။

ဂါမာလာမာ မီးတောင်သည် ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ပေါက်ကွဲခဲ့ပြီး ယခုအချိန်အထိ ယင်းမီးတောင်မှချော်ရည်များ စီးဆင်းနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနပြည်သူ့ဆက်ဆံရေးအရာရှိ ပါဝိုနူရိုဟိုက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ၎င်းက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဆိုးကျိုးသက်ရောက်မှုနည်းနိုင်သမျှ နည်းပါးစေရန် သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ပြည်နယ်မြို့တော်တာနိတ်မြို့ရှိ ဆူလ်တန်ဘာဘူလာ လေဆိပ်ကို ပိတ်ထားရသည်။

**ဆင်ဟွာ။**



ဗြိတိန်တွင် အထက်တန်းကျောင်းသားများ စာမေးပွဲဖြေဆိုနေကြစဉ်။

# ဗြိတိန်တွင် အထက်တန်း စာမေးပွဲမေးခွန်းများ လိမ်လည်မှု စစ်ဆေးရန် အစိုးရက အမိန့်ထုတ်ပြန်

လန်ဒန် ဒီဇင်ဘာ ၈

**ဗြိတိန်နိုင်ငံ၌ လာမည့်အခြေခံပညာအထက်တန်းစာမေးပွဲတွင် ကျောင်းသားများ ကြုံတွေ့ရမည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ၎င်းကျောင်းသားတို့၏ ဆရာများကို စာမေးပွဲစစ်ဆေးသူများက လျှို့ဝှက်သင်ကြားပေးကြောင်း စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ယင်းကိစ္စရပ်ကို အလျင်အမြန်စုံစမ်းစစ်ဆေးရန် အစိုးရက အမိန့်ထုတ်ပြန်လိုက်ကြောင်း ဒီဇင်ဘာ ၈ ရက်က အေပီသတင်းတွင် ဖော်ပြထားသည်။**

စာမေးပွဲဖြေဆိုမည့်ကျောင်းသားများကို အမှတ်ကောင်းကောင်းရရှိစေရန်အတွက် မည်သို့သင်ကြားပြသရမည်ဆိုသည်ကို အကြံပေးသော ဆွေးနွေးပွဲသို့ ဆရာများသည် တစ်ရက်လျှင်ပေါင် ၂၃၀ ပေး၍ တက်ရောက်ကြကြောင်းကို အထောက်အထားများနှင့်တကွ ဒေးလီးတယ်လီဂရပ်သတင်းစာကြီးက ဖော်ထုတ်ရေးသားလိုက်ပြီးနောက် ဤသို့ စုံစမ်းစစ်ဆေးရန် အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။

လာမည့်စာမေးပွဲတွင် ကျောင်းသားများ မျှော်လင့်နိုင်ဖွယ်ရှိသော မေးခွန်းများကို ထုတ်ပေးခြင်းဖြင့် ကျောင်းဆရာများကို လိမ်လည်လှည့်စားနေကြောင်း စာမေးပွဲစစ်ဆေးသူတစ်ဦးက ပြောကြားခြင်းအား အသံဖမ်းယူထားခဲ့ကြောင်း သတင်းစာက ရေးသားသည်။

နောက်ထပ်စာစစ်သူတစ်ဦးက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာများအား မေးခွန်းများ ကွက်တိမပေးနိုင်ကြောင်း ပြောကြားခြင်းကိုလည်း အသံဖမ်းယူထားကြောင်း ဆက်လက်ရေးသားသည်။

အဆိုပါသတင်းစာ၏ ရေးသားချက်များကို ချက်ချင်းစုံစမ်းစစ်ဆေးရန် စာစစ်အဖွဲ့အား ပညာရေးဝန်ကြီး မိုက်ကယ်ဂိုဗီက ကြာသပတေးနေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

ဒေးလီးတယ်လီဂရပ်၏ ဖော်ထုတ်ချက် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက လက်ရှိပညာရေးစနစ်၏ ဂုဏ်သိက္ခာကို ထိခိုက်ကြောင်း ဝန်ကြီးက မှတ်ချက်ပေးသည်။ **အင်တာနက်။**

# ကမ္ဘာ့အသက်အကြီးဆုံးခွေး ဂျပန်နိုင်ငံ၌သေဆုံး

**တိုကျို ဒီဇင်ဘာ ၈**

ကမ္ဘာ့အသက်အကြီးဆုံးခွေးဖြစ်သော ပူဆူကီးအမည်ရှိခွေးသည် ဂျပန်နိုင်ငံ ဆာကူရာမြို့ရှိ ၎င်း၏နေအိမ်၌ သေဆုံးသွားပြီဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဒီဇင်ဘာ ၈ရက်တွင် သတင်းထုတ်ပြန်သည်။

ကပြားမျိုးစပ် ခွေးထီးတစ်ကောင်ဖြစ်သော ပူဆူကီးသည် သေဆုံးချိန်တွင် အသက် ၂၆နှစ်နှင့် ကိုးလရှိပြီဖြစ်သည်။

ပူဆူကီးသည် ဒီဇင်ဘာ ၅ရက် မွန်းလွဲပိုင်းက သေဆုံးခဲ့ကြောင်း၊ ယင်းခွေးသည် သေဆုံးခါနီးတွင် အစာကျွေးမှုကို ငြင်းဆန်ခဲ့ပြီး ခက်ခက်ခဲခဲဖြင့် အသက်ရှူနေခဲ့ရကြောင်း ခွေးပိုင်ရှင် ယူမီကိုက ပြောကြားသည်။

ပူဆူကီးသည် ကမ္ဘာ့အသက်အကြီးဆုံးခွေးတစ်ကောင်ဖြစ်သည်ဟု ဂင်းနစ်မှတ်တမ်းများစာအုပ်တွင် လွန်ခဲ့သည့်နှစ်က ဖော်ပြခဲ့သည်။ **အင်တာနက်။**

# အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲရေး၊ အသွင်သစ်ဖြင့်ဆက်ဆံရေး ဆောင်ရွက်လျက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အရာရှိများ မွမ်းမံသင်တန်းဖွင့်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး အဆင့်အရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးအဆင့်အရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်ရသည့် မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးနှင့် ယုံကြည်ချက်၊ ခံယူချက်ရှိရှိ တွေးခေါ်မြော်မြင် ဆောင်ရွက်နိုင်စေရေးတို့အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ အသိတူမှ အလုပ်တူမည်ဖြစ်၍ သင်တန်းသားအချင်းချင်း ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်ကာ အသိအမြင်ဗဟုသုတပြည့်စုံပြီး အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့် သင်ကြားပို့ချသော ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ ပေါင်းစပ်၍ ဌာန၏ ရည်မှန်းချက်တာဝန်များအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူး သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံတားမြို့နယ်ရှိ အဆိုပါ သင်တန်းဖွင့်လှစ်မည့် သင်တန်းခန်းမသို့ သွားရောက်၍ သင်တန်းစားရိပ်သာ၊ စာသင်ဆောင်နှင့် သင်တန်းသားအိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးညွန့်ဦးပါ ၁၉ ဦးတို့က လျှောက်ထားသည့် **၈၈-ပြည်သူ့အင်အားစုပါတီ** တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ဒီဇင်ဘာ ၈ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၁၂-၂၀၁၁ (သောကြာနေ့)**

**[၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ (အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၂၀ | ၈။ | အကပြိုင်ပွဲ |
| ၈း၃၀ | ၉။ | "တန်ဖိုး" |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၄း၃၀ | ၄။ | "ဝါသီးက ရွှေသီးဖြစ်ပြီ" |
| ၄း၅၅ | ၅။ | နှောင်းခေတ်တေးပဒေသာ |
| ၅း၀၅ | ၆။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ) |
| ၅း၂၀ | ၇။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၂၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၄၀ | ၉။ | စီမံကိန်းထူးရောကူးပေါ်လွင် ဝင့်ကြွားညောင်တုန်းတံတား (အပိုင်း-၁) |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ရသစုံလင်အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၁၃)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | လျှပ်တစ်ပြက်ဟာသများ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၅)** |
| | ၁၉။ | သီချင်းချစ်သူ (စိုင်းလိတ်) |
| | ၂၀။ | အစီအစဉ်ပြီး၏။ |





## ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၌ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**(ဓာတ်ပုံ)**

အဆိုပါအခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ အနုပညာ အထက်တန်းကျောင်းများမှ ပန်းချီ၊ ပန်းပုကျောင်းအုပ်၊ ပန်တျာ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**(၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

စာတမ်းဖတ်ပွဲ အစီအစဉ်(၁)တွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်က ဆောင်ရွက်ပြီး "ရသာယနနှင့် တြိဖလတွင်ပါဝင်သော ဆေးပင်များ၏ ပါဝင်သော ဒြပ်ပေါင်းများနှင့် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိတို့ကို လေ့လာခြင်း" စာတမ်းကို ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) မှ ဒေါ်ခင်ဖြူဖြူနှင့်အဖွဲ့က လည်းကောင်း၊ "Functional Food, Myin-Khwa And its Antioxidant Activity and Acute Toxicity" စာတမ်းကို မန္တလေးတိုင်းဒေသကြီး ရတနာပုံတက္ကသိုလ်မှ ဒေါ်မြတ်လေးနွယ်က လည်းကောင်း၊ "ဝိနယပိဋက မဟာဝဂ္ဂကျမ်း ဘေသဇ္ဇခန္ဓကလာရောဂါ ကုသနည်းများလေ့လာခြင်း" စာတမ်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ်မှ ဒေါ်ခင်ခင်ဦးကလည်းကောင်း၊ " ပုဂ္ဂလပညတ်ဆေးပညာ" စာတမ်းကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ဒေါ်နွယ်ဝင်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး စာတမ်းများအား ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ အစီအစဉ်(၂)တွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်က ဆောင်ရွက်ပြီး "ဆေးဖက်ဝင် ရှားစောင်းလက်ပပ်ပင်အား အပင်တစ်သျှူးမျိုးပွားနည်းဖြင့် အမြောက်အမြားရရှိအောင် ထုတ်လုပ်စိုက်ပျိုးခြင်း" သုတေသန စာတမ်းကို မန္တလေးမြို့မှ ဦးခန့်သူက လည်းကောင်း၊ "မြန်မာ့အင်ကြင်း Shorea Siamensis Miq. လုမ္ဗိဏီအင်ကြင်း Shorea robusta Gaertn နှင့် အမြောက်ဆံပင် Coroupita guianensis Aubl တို့၏ ကွဲပြားခြားနားသော ဝိသေသ လက္ခဏာများနှင့် ဆေးဖက်အသုံးဝင်ပုံတို့ကို လေ့လာတင်ပြခြင်း" သုတေသန စာတမ်းကို သစ်တောဦးစီးဌာနမှ ဒေါ်ရီရီဟန်က လည်းကောင်း၊ "ပိစပ်ကြီးပင် ဆေးဖက်ဝင် ရက္ခမူဆားချက် လုပ်ပုံအကြောင်း သိကောင်းစရာ" သုတေသနစာတမ်းကို ကျိုင်းတုံမြို့မှ ဦးကျော်ဆန်းက လည်းကောင်း၊ "နီပါးဆေး(တောရဲယို)၏ အဖျားရောဂါတွင် အကျိုးသက်ရောက်မှု" သုတေသနစာတမ်းကို မြစ်ကြီးနားတိုင်းရင်းဆေးရုံမှ ဒေါ်ဇင်ငြိမ်းနှင့်အဖွဲ့က လည်းကောင်း တင်ပြဖတ်ကြား တင်သွင်းကြပြီး စာတမ်းများအား ဝိုင်းဝန်းဆွေးနွေးကြကာ မွန်းလွဲပိုင်းတွင် ရပ်နားသည်။

သုတေသနစာတမ်းဖတ်ပွဲ အစီအစဉ်(၃)တွင် သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ဆောင်ရွက်ပြီး "ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ၏ တိုင်းရင်းဆေးအသုံးပြုမှုအခြေအနေ" သုတေသနစာတမ်းကို ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒေါက်တာခင်ဝေနှင့်အဖွဲ့က လည်းကောင်း၊ "ခြောက်ပါးဆေး ၀၀၁ နှင့် ၀၀၂ တို့၏ သွေးတွင်းသကြားဓာတ်လျှော့ချပေးနိုင်မှု အာနိသင်ကို ဓာတ်ခွဲခန်းကြွက်ဖြူကြီးများပေါ်တွင် စမ်းသပ်လေ့လာခြင်း" သုတေသနစာတမ်းကို ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒေါ်ဆွေဆွေနှင့်အဖွဲ့ကလည်းကောင်း၊ "ပိဋကတ်တော်လာ ဆေးဖက်ဝင်အပင်များ၏ အသုံးချမှုကို လေ့လာခြင်း" သုတေသနစာတမ်းကို မုံရွာတက္ကသိုလ်မှ ဒေါက်တာလွင်ညိုဦးက လည်းကောင်း၊ "အရိုးပေါ်အရွက်ဖုံးသော်လည်း ရိုးရာမပျက်သည့် ခေတ်မီမြန်မာဆေးငွေ့ပေါင်း ချွေးထုတ်ကိရိယာ" သုတေသနစာတမ်းကို မွန်ပြည်နယ် သိမ်ဆိပ်မှ စောလှထူးကျော်က လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး စာတမ်းများအား ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် စာတမ်းဖတ်ပွဲ ပိတ်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆောင်ရွက်၍ ဖတ်ကြားတင်သွင်းခဲ့သော သုတေသန စာတမ်းများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**(၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

**ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ဖူးမြော်ကြည်ညိုပူဇော်ကြသည်။**



**ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်မည့် ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငြေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဗုဒ္ဓါဘိသိက်သွန်း**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဥက္ကဋ္ဌ ဆရာတော် Ven. Chuan Yin နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုတို့အတွက် ရွှေတိဂုံပုံတော်ကျောက်စီပန်းချီကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်စောင့်ရှောက်ရေး ဗဟိုအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖန်ဂွါန်းထံသို့လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်၊ ဓာတ်ပုံစီဒီနှင့် ဗီဒီယိုမှတ်တမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူးကြီး မစ္စတာ ကောင်းဟှာ ထံသို့လည်းကောင်း ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မဟာပါသာဏလိုဏ်ဂူတော်အတွင်းမှ မင်္ဂလာဝေါယာဉ်တော်ဖြင့် လိုဏ်ဂူတော်တောင်ဘက်မုခ်ရှိ ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလိုက်ပါပူဇော်ကြပြီး ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်အား သိင်္ဂီမာလာရတနာဆင်ဖြူတော်က ဦးခိုက်ပူဇော်၍ ရှေ့မှပင့်ဆောင်ကာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူကို လက်ယာရစ်လှည့်လည်ပူဇော်ပြီး လိုဏ်ဂူတော် အရှေ့ဘက်မုခ်မှ ကမ္ဘာအေးစေတီလမ်းမုခ်ဦးသို့ ပင့်ဆောင်ပြီး ကမ္ဘာအေးစေတီလမ်းမုခ်ဦးမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အစီအစဉ်အတိုင်း ထွက်ခွာကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်လာသော ရတနာရထားယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည့်အခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချီစက် (High Loader)၊ ၎င်းမှ အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်သည့်အထူးလေယာဉ်သည် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးတိုင်းဒေသကြီးသို့ စတင်ထွက်ခွာရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို အာရုံပွားများကြပြီး ဗုဒ္ဓါနုဿတိ ဘာဝနာစီးဖြန်း၍ ဗုဒ္ဓမြတ်စွယ်တော်အား ရှိခိုးကော်ရော်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဧည့်ပရိသတ်များနှင့် ဝတ်အသင်းများက ရတနာသုံးပါးဂုဏ်တော်များကို အာရုံပွားများကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မန္တလေးမြို့၌ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေတို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင်သက်တော်ရှည် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငြေး၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။



**ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေတို့ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်လာရာ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်ပြီး မင်္ဂလာရေကင်းသံဖြင့် တီးခတ်ပူဇော်ကြိုဆိုကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ပေါ်မှ မင်္ဂလာဝန်ချီစက် (High Loader)ဖြင့် မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပြီး ထိုမှရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း စကားအင်းအဝိုင်းနှင့် တံခွန်တိုင်အဝိုင်းတို့မှတစ်ဆင့် မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ် ကြိုဆိုပူဇော်ရေးမဏ္ဍပ်တစ်လျှောက်မှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က စည်ကားသိုက်မြိုက် ရှိသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်း မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမုခ်ဦးသို့ ရောက်ရှိသောအခါ ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်ကို မင်္ဂလာရတနာဆင်တော်ဖြင့် ပင့်ဆောင်၍ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး အရှေ့ဘက်အဝင်မုခ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြပြီး မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်တွင် အပူဇော်ခံထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်း အခမ်းအနားမစတင်မီ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးဒေါ်မြတ်ငွေတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ အမှူးပြုသည့် ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များနှင့် တရုတ်ဘုန်းတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘာသာရေးဝတ်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးအတွင်း၌ ဒီဇင်ဘာ ၂၇ ရက်အထိ ယာယီကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ရာ နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ ရဟန်းရှင်လူ ပြည်သူအပေါင်း လာရောက်၍ ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❖ ကျောဖုံးမှ**

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြည်နယ်ဝန်ကြီးဌာနမှ နောင်ချိုပြည်သူ့ဆေးရုံသို့ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချောချောနိုင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံတိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပုဗ္ဗသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံပိုင် စက်ရုံအလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဈေးကြီးများ၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးလုပ်ငန်းစီမံချက်အရ ဒီဇင်ဘာ ၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့် ဆောင်ရွက်ခြင်းကို ကျင်းပသည်။

အခမ်းအနားသို့ တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး(ငြိမ်း)နှင့် ရုံးဝန်ထမ်းများ၊ ယာဉ်မောင်းများ၊ ယာဉ်အကူနှင့် ယာဉ်ကြီးကြပ်များ၊ ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးသန်း၊ ဇေယျာသီရိစခန်းတာဝန်ခံ ဒု-ဦးစီးမှူး ဦးစိန်လှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် တော်ဝင်သယ်ယူပို့ဆောင်ရေးဒါရိုက်တာက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရန် နည်းလမ်းများ၊ အရေးပေါ်မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက ရုံးရှေ့ယာဉ်ရပ်နားကွင်း၌ ဆီမီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြုလက်တွေ့သရုပ်ပြ၍ ပက်ဖျန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရှိရသည်။

**(ဝဲပုံ)**(သတင်းစဉ်)

# ၂၀၁၁ အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးဘောလုံးသမားဆုနှင့် အတိုးတက်ဆုံး လူငယ်ကစားသမားဆုများအတွက် ဆန္ဒမဲပေးနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

**ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီတွင် Sedona Hotel ၌ ကျင်းပမည့် 2011 MFF AWARDED NIGHT အခမ်းအနားတွင် ၂၀၁၁ အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးဘောလုံးသမားဆုနှင့် အတိုးတက်ဆုံး လူငယ်ကစားသမားဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။**

ဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကျွမ်းကျင်သူအဖွဲ့ဝင်များ၊ ကလပ်အသင်းအသီးသီးမှ နည်းပြချုပ်များနှင့် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများမှ လေ့လာစိစစ်အကဲဖြတ်အမှတ်ပေး၍ စိစစ်ရွေးချယ်သွားရန် စီစဉ်လျက်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ၏ အကဲဖြတ်အမှတ်များနှင့်အတူ မီဒီယာများနှင့် ဘောလုံးဝါသနာရှင် ပရိသတ်များမှလည်း မိမိတို့၏ ဆန္ဒသဘောထားအမြင်များကို မဲပေးတင်ပြခွင့်ရှိမည်ဖြစ်သည်။

အဆိုပါဆုများအတွက် ၂၀၁၁ အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပြည်တွင်းပြည်ပ ဘောလုံးပြိုင်ပွဲများတွင် ခြေစွမ်းပြပြီး မိမိအသင်းအတွက် အမှန်တကယ် အကျိုးပြုနိုင်ခဲ့သော အကောင်းဆုံးကစားသမားကို မီဒီယာများနှင့် ပရိသတ်များက ပြန်လည်လေ့လာသုံးသပ်၍ မိမိတို့ဆန္ဒမဲပေးထောက်ခံမှုများကို ဆန္ဒပြုပေးပို့နိုင်မည်ဖြစ်သည်။

ဆန္ဒမဲပေးမှုများကို မိမိတို့ရွေးချယ်လိုသည့် အကောင်းဆုံးကစားသမားသုံးဦးစီ၏ အမည်စာရင်းကို ဦးစားပေးအဆင့်သတ်မှတ်ရွေးချယ်ရေးသား၍ မိမိအမည်၊ နေရပ်လိပ်စာနှင့် မှတ်ပုံတင်နံပါတ်တို့ကို ရေးသားဖော်ပြ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ဌာနနှင့် သတင်းနှင့် ပြန်ကြားရေးဌာန ဖုန်း-၀၁-၅၇၇၃၆၆၊ ၀၁-၅၆၁၅၃၉၊ ၀၁-၅၆၉၉၆၁၊ ၀၁-၅၆၉၉၆၀ တို့သို့ ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီထက် နောက်မကျဘဲ နောက်ဆုံးထားပေးပို့နိုင်သည်။ အသေးစိတ်သိရှိစုံစမ်းလိုပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ဌာန ဒါရိုက်တာ ဦးဝင်းသူမိုး ဖုန်း-၀၉-၅၀၉၈၇၇၀ နှင့် သတင်းနှင့် ပြန်ကြားရေးဌာန ဒါရိုက်တာ ဦးစိုးမိုးကျော် ဖုန်း-၀၉-၅၀၈၄၇၇၆၊ ၀၉-၅၀၉၂၆၆၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(ဇော်မင်းအောင်)

# 2011 MFF AWARDED NIGHT အခမ်းအနား Sedona Hotel ၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ၂၀၁၁ ခုနှစ်အတွင်း ကြီးမှူးကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အပါအဝင် အခြားပြိုင်ပွဲများ၏ သက်ဆိုင်ရာဆုများနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး ဘောလုံးသမားဆုများ ရွေးချယ်ချီးမြှင့်ပေးအပ်ပွဲနှင့် ၂၀၁၁ ဆီးဂိမ်းတွင် တတိယရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော မြန်မာယူ-၂၃ လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်မည့် 2011 MFF AWARDED NIGHT အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ၂၀၁၁ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော အသင်း၊ ဒုတိယနှင့် တတိယဆုများအပြင် အသန့်ရှင်းဆုံးအသင်းဆု၊ ဂိုးသွင်းအများဆုံးကစားသမားဆုများနှင့် အတိုးတက်ဆုံး လူငယ်ကစားသမားဆုများ၊ အကောင်းဆုံးဒိုင်လူကြီးဆုအပြင် ၂၀၁၁ ခုနှစ်၏ အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး ဘောလုံးသမားဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ၂၀၁၁ ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မြန်မာယူ-၂၃ လက်ရွေးစင်ဘောလုံးအသင်းကိုလည်း အထူးဂုဏ်ပြုချီးမြှင့်ငွေများ တစ်ပါတည်း ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် ၂၀၁၁ အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲတွင် တတိယရရှိခဲ့သော မြန်မာလူငယ်အသင်း၊ ၂၀၁၁ BIDC Cup ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မြန်မာယူ-၂၁ အသင်း၊ ၂၀၁၁ အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနှင့် ၂၀၁၁ ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် တတိယရရှိခဲ့သည့် အမျိုးသမီးဖူဆယ်လက်ရွေးစင်အသင်းများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး ယခင်နှစ်ကကဲ့သို့ အခြားအထူးဆုများလည်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

(၁၀၇)

# မြန်မာ့လက်ရွေးစင် ဘော်လီဘော ကစားသမားနှစ်ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားနှစ်ဦးသည် ဒီဇင်ဘာ ၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများဖြစ်ကြသော ကျော်ကျော်ထွေး(နံပါတ်-၂)နှင့် အောင်သူ (နံပါတ်-၁၁)တို့နှစ်ဦးသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် Thailand League 2012 ပြိုင်ပွဲတွင် Air Force Club အသင်း၌ လစာအမေရိကန်ဒေါ်လာ ၈၀၀ ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၂ ခုနှစ် ဧပြီလအထိ သွားရောက်ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ Thailand Air Force Club အသင်းသည် ဗီယက်နမ်နိုင်ငံ၌ကျင်းပသော Vietnam League ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး Vietnam League Club အသင်းများတွင် သွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်အားကစားသမားသုံးဦးပါဝင်သော ကလပ်အသင်းများနှင့် တွေ့ဆုံယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၁၁ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၇ ရက်တွင် ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြိတ်မြို့နယ်အသင်းနှင့် ထားဝယ်မြို့နယ်အသင်းတို့သည် တစ်ဖက်သုံးဂိုးစီဖြင့် လည်းကောင်း၊ ကျွန်းစုမြို့နယ်အသင်းနှင့် တနင်္သာရီမြို့နယ်အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် လည်းကောင်း သရေကျသွားကြသည်။

ဒီဇင်ဘာ ၉ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် မြိတ်မြို့နယ်အသင်းနှင့် ကျွန်းစုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၈**

ဦးမောင်ထွေး (မန်နေဂျင်းဒါရိုက်တာ) ကောင်းဇော်ဟိန်းကုမ္ပဏီသည် ကစားဖော်များဖြစ်ကြသော ဗိုလ်ကြီးသန်းထွန်း(ငြိမ်း) (ဖိုးလူ)၊ ဦးခင်မောင်ငွေး (မန်နေဂျင်းဒါရိုက်တာ)ဂျိုးရတနာ ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးဝင်းဦး (မောင်ဦး) (မန်နေဂျင်းဒါရိုက်တာ) ဝင်းမြတ်မှူးကုမ္ပဏီ၊ ဦးမောင်မောင်နိုင် (မန်နေဂျင်းဒါရိုက်တာ) လပ်ကီးမန်းကုမ္ပဏီတို့နှင့် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 No.4 ဘောလုံးကို Maruman Exin Nano II No.8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာအဝေးရှိ ကျင်းအမှတ်(၅) သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။

(သတင်းစဉ်)



**ဒီဇင်ဘာ ၂ ရက်က ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲတွင် အသက် (၁၂)နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ မထက်ထက်အောင်အား ဆုယူအပြီး တွေ့ရစဉ်။** (တင်းနစ်အဖွဲ့ချုပ်)

# မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်စေရန် အလွှာစုံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိ ဆေးစွမ်းထက်သော တိုင်းရင်းဆေးများ ထုတ်လုပ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်

**မြန်မာနိုင်ငံတွင် ရိုးရာတိုင်းရင်းဆေးဝါးများကို ဖြည့်စွက်ဆေးအဖြစ် လည်းကောင်း၊ အနောက်တိုင်းဆေးအစားထိုးအသုံးပြုဆေးအဖြစ် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြသည်။**

**သတင်းဆောင်းပါး - ဖြိုးဇင်**
**ဓာတ်ပုံ - ငွေးအောင်**

ပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးဝါးဖြင့် အပြည့်အဝပေးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းဆေးရုံများ ဖွင့်လှစ်၍ လည်းကောင်း၊ ကျေးလက်တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်၍ လည်းကောင်း ကုသစောင့်ရှောက်လျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးများကို



**"တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ အပင်တွေကို သစ်တောသုတေသနနဲ့ တိုင်းရင်းဆေးဆရာတွေ ညှိနှိုင်းဖော်ထုတ်ဖို့လို"**
*ရန်ကုန်တိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးကျော်*

ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်မှ ရရှိသော ဆေးဖက်ဝင်ပစ္စည်းများ၊ သဘာဝတွင်းထွက်ဆေးပစ္စည်းများဖြင့် ဖော်စပ်၍ အသုံးပြုလျက်ရှိရာ ပြည်သူများ အသုံးပြုမှုများပြားလာသည်နှင့်အမျှ ကုန်ကြမ်းရရှိမှု အခက်အခဲမဖြစ်စေရန် ပရဆေးဥယျာဉ်များ ထူထောင်၍ စိုက်ပျိုးလာကြသည်ကိုလည်း တွေ့ရသည်။

ပရဆေးပင်များသည် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် ပေါက်ရောက်ရာဒေသပေါ်မူတည်၍ ဆေးအာနိသင်ထိရောက်မှုတွင် ကွာခြားကြောင်း နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် ဖတ်ကြားသွားသော စာတမ်းများမှတစ်ဆင့် လေ့လာသိရှိရသည်။

ပရဆေးပင်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်ပြီး ဝိဇ္ဇာမျက်လုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါ်လှလှယဉ်က "မြန်မာ့တိုင်းရင်းဆေးတွေကို သိပ္ပံနည်းကျ သုတေသနပြု ထုတ်လုပ်လာနိုင်လို့ ပြည်သူတွေ ယုံကြည်သုံးစွဲမှု ကျယ်ပြန့်လာတဲ့အတွက် ပရဆေးကုန်ကြမ်းတွေ ရှားပါးလာနိုင်တယ်၊ ပရဆေးတော်တော်များများဟာ သဘာဝတောတောင်နဲ့ ကျေးလက်ဒေသတွေမှာ ပေါက်ရောက်ကြတယ်။ ဒါကြောင့် ပရဆေးပင်ပေါက်ရောက်တဲ့ဒေသတွေမှာ သုတေသနပြုပရဆေးစိုက်ခင်းတွေ တည်ထောင်လာကြတယ်။ ဥပမာ - တိုင်းရင်းဆေးမှာ



**"သုံးစွဲမှု ကျယ်ပြန့်လာတဲ့အတွက် ပရဆေးကုန်ကြမ်းတွေ ရှားပါးလာနိုင်"**
*ဒေါ်လှလှယဉ်*
*ဝိဇ္ဇာမျက်လုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*

အမည်နာမ ကွဲပြားလျက်ရှိကြောင်းကိုလည်း လေ့လာသိရှိခဲ့ရသည်။

အမည်နာမကွဲပြားမှုနှင့် ပတ်သက်၍ မဟိဒ္ဓိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ရန်ကုန်တိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးကျော်က "ပရဆေးပင်တွေဟာ နေရာဒေသလိုက်ပြီးတော့ အခေါ်အဝေါ်တွေ ကွဲပြားသလို မျိုးရင်းမျိုးစိတ်တွေကို ဖော်ထုတ်တဲ့အခါမှာလည်း သစ်တောသုတေသနဘက်က အခေါ်အဝေါ်တွေနဲ့ တိုင်းရင်းဆေးဘက်က အခေါ်အဝေါ်တွေ အသုံးများတဲ့ နန္ဒင်းခါးဟာဆိုရင် ရှမ်းပြည်ဘက်ကထွက်တဲ့ နန္ဒင်းခါးဟာ ပိုပြီးဆေးအာနိသင်ရှိတဲ့အတွက် ထုတ်လုပ်သူလုပ်ငန်းရှင်တွေဟာ အဲဒီမှာသွားရောက်ပြီး စိုက်ခင်းတွေ တည်ထောင်ထားကြပါတယ်" ဟု ပြောပြသည်။

ပရဆေးပင်များသည် ပေါက်ရောက်ရာ ဒေသကိုလိုက်၍ အခေါ်အဝေါ်



**"ရှေးသမားတော်များရဲ့ ဩဝါဒတွေကို လိုက်နာထုတ်လုပ်မယ်ဆိုရင် အောင်မြင်တဲ့ တိုင်းရင်းဆေးဆရာအဖြစ် ရပ်တည်နိုင်"**
*ညီလာခံကိုယ်စားလှယ်*
*မုံရွာဆရာမိုး*

ကွဲလွဲနေတာရှိပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ အပင်တွေကို သစ်တောသုတေသနနဲ့ တိုင်းရင်းဆေးဆရာတွေ ညှိနှိုင်းပြီး ပူးပေါင်းဖော်ထုတ်ဖို့ လိုအပ်ပါတယ်" ဟု ပြောကြားသွားသည်။

ထို့အတူ ညီလာခံကိုယ်စားလှယ် မုံရွာဆရာမိုးကလည်း 'ပရဆေးပင်တွေကို သိပ္ပံနည်းကျ လေ့လာသုတေသနပြုတဲ့အတွက် အကျိုးအပြစ်၊ ဆေးပါဝင်မှုအာနိသင်တွေကို သိရှိရသလို တစ်ဖက်ကလည်း အသိပညာများနဲ့ ယုံကြည်မှုအပါအဝင် အနန္တောအနန္တငါးပါးဦးထိပ်ထားပြီး ရှေးသမားတော်များရဲ့ ဩဝါဒတွေကို လေးစားလိုက်နာပြီးတော့ ထုတ်လုပ်မယ်ဆိုရင် ဆေးအာနိသင်ထက်မြက်ပြီး အောင်မြင်တဲ့ တိုင်းရင်းဆေး



**"သုတေသန စာတမ်းတွေကတစ်ဆင့် ပညာရှင်တွေ ပေါ်ထွက်နိုင်"**
*ဒေါ်ရင်ရင်တင့်*
*ဇွဲရတနာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး*

အဖြစ် ရပ်တည်နိုင်မှာပါ။ အဓိကတော့ စီးပွားရေးအတွက်မဟုတ်ဘဲ ရောဂါပျောက်ကင်းဖို့အတွက် စေတနာထားထုတ်လုပ်ဖို့ လိုအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပလာမှုကြောင့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာလျက်ရှိသည့်အပြင် ဆေးဝါးအသစ်များ၊ ဆေးဖော်စပ်နည်းအသစ်များ၊ ပရဆေးပင် မျိုးစိတ်အသစ်များနှင့် ရှေးဟောင်းဆေးနည်းကျမ်းများ ပေါ်ထွက်လာခဲ့ကြောင်း လေ့လာသိရှိရသည်။

နှစ်စဉ်အစဉ်အလာမပျက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပလာခဲ့မှုအပေါ် ဇွဲရတနာတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါ်ရင်ရင်တင့်က "ညီလာခံနှစ်စဉ်ကျင်းပလာနိုင်တဲ့အတွက် မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံဖွံ့ဖြိုးမှု ပိုမိုတိုးတက်လာနိုင်မယ်၊ သုတေသန စာတမ်းတွေကတစ်ဆင့် အရည်အချင်းပြည့်ဝတဲ့ ပညာရှင်တွေ ပေါ်ထွက်လာနိုင်မယ်။ ဆေးဝါးထုတ်လုပ်မှုအပိုင်းမှာလည်း ဘေးထွက်ဆိုးကျိုးကင်းပြီး အာနိသင်ရှိတဲ့ဆေးဝါးတွေကို စံချိန်စံညွှန်းမီ ထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။ ဇွဲရတနာတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအနေနဲ့လည်း ဇွဲရတနာ အာရုံကြောဆေးကို အဓိကထားပြီးတော့ စုစုပေါင်းဆေး ကိုးမျိုးကို ဆေးပစ္စည်းကုန်ကြမ်းစစ်မှန်မှု၊ လတ်ဆတ်သန့်ရှင်းစင်ကြယ်မှု၊ ဆေးအလေးချိန်ပြည့်ဝမှန်ကန်မှုဆိုတဲ့နည်းစဉ်တွေနဲ့ အများပြည်သူများ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်အောင် ထုတ်လုပ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းဆေးလောကသားများသာမက အလွှာစုံမှပါဝင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။ သုတေသနတွေ့ရှိချက်များနှင့် တိုင်းရင်းဆေးအခြေခံပညာရပ်များကို ပေါင်းစပ်၍ ပိုမိုဆေးစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပေးစွမ်းနိုင်ရန် ယခုကဲ့သို့သော ညီလာခံများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ တိုင်းရင်းဆေးသင်တန်းများကို ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး **ဒေါက်တာဖေသက်ခင် မန္တလေးတိုင်းဒေသကြီးရှိ ဆေးရုံနှင့် ကျေးလက် ကျန်းမာရေးဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ကိုယ်ဝန်ဆောင်မိခင်များ ရာနှုန်းပြည့် ကျွမ်းကျင်သူများနှင့် မွေးဖွားနိုင်ရေးကြိုးပမ်း ဆေးရုံလုပ်ငန်းအောင်မြင်ရေး ရည်ရွယ်ချက်လုပ်ငန်းစဉ်မှန်ကန်၍ အချိန်အခါ နေရာကိုက်ညီရန်လို

နေပြည်တော် ဒီဇင်ဘာ ၈

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်မီးတိုက်နယ်ဆေးရုံသို့ သွားရောက်၍ အမျိုးသားလူနာကုသဆောင်၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ ဆေးသိုလှောင်ခန်းများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ကုသခန်း၊ အမျိုးသမီးလူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးလက်ကျန်းမာရေးဌာနခွဲ ကျန်းမာရေး ပညာပေးမှုလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် သားဖွားခန်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများအနေဖြင့် မိမိတို့၏ ရာထူးအလုပ်တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ရာနှုန်းပြည့် ကျွမ်းကျင်သူများနှင့် မွေးဖွားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိခင်၊ မွေးကင်းစနှင့် ကလေးသေနှုန်းကျဆင်းရေးစီမံချက်များ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာရင်းဇယားတိကျမှုရရှိပြီး အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

### အလုပ်ဖြင့်သက်သေပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးလက် ကျန်းမာရေးဌာနသို့ ဝင်ရောက်စစ်ဆေးပြီး နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးရုံလုပ်ငန်းအောင်မြင်ရေးအတွက် ရည်ရွယ်ချက်လုပ်ငန်းစဉ်မှန်ကန်၍ အချိန်အခါနေရာနှင့် ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ ဆေးရုံတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် ဌာနဆိုင်ရာအချင်းချင်း၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများပါဝင်လာအောင် အလုပ်ဖြင့်သက်သေပြစည်းရုံးဆောင်ရွက်မှသာ ဆေးရုံလုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း၊ စာရင်းဇယားများတိကျမှန်ကန်ရေးကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆေးရုံသုံးပစ္စည်းများ အလေအလွင့်မရှိစေရေးနှင့် မကုန်သင့်သည်ကို မကုန်စေရန် စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်းမှာကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

## သ တ င် း အ ည ွ န် း

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေး**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၃

**ကိုရီးယားရုပ်သံနှင့်သတင်းထုတ်ပြန်ရေးကော်မရှင်မှ ပစ္စည်းများ လွှဲပြောင်းပေးအပ်**

နှစ်နိုင်ငံအကြား သတင်းမီဒီယာကဏ္ဍတွင် ယခုထက်ပိုမို၍ လျင်မြန်သွက်လက်စွာ ပူးပေါင်းဆောင်ရွက်

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၃

**ဗြိတိန်တွင် အထက်တန်းစာမေးပွဲမေးခွန်းများ လိမ်လည်မှု စစ်ဆေးရန် အစိုးရက အမိန့်ထုတ်ပြန်**

ဗြိတိန်နိုင်ငံ၌ လာမည့်အခြေခံပညာအထက်တန်းစာမေးပွဲတွင် ကျောင်းသားများ ကြုံတွေ့ရမည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ၎င်းကျောင်းသားတို့၏ ဆရာများကို စာမေးပွဲစစ်ဆေးသူများက လျှို့ဝှက်သင်ကြားပေးကြောင်း စွပ်စွဲချက်များ ထွက်ပေါ်

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၄

**အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ရွှေ့ပြောင်းခိုလှုံကြရ**

ဂါမာလာမာ မီးတောင်သည် ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ပေါက်ကွဲခဲ့ပြီး ယခုအချိန်အထိ ယင်းမီးတောင်မှချော်ရည်များ စီးဆင်းနေဆဲဖြစ်

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၄

**နေစကြဝဠာစနစ်၏ ပြင်ပ၌ သက်ရှိတို့ နေထိုင်နိုင်သော ဂြိုဟ်တစ်လုံး တည်ရှိနေပုံကို ပန်းချီဆရာက သရုပ်ဖော်ရေးဆွဲထားစဉ်။**



# သက်ရှိတို့နေထိုင်နိုင်သော ဂြိုဟ်တစ်လုံး နေစကြဝဠာစနစ်ပြင်ပ၌ တွေ့ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၈

**လူသားတို့နေထိုင်ရာ နေစကြဝဠာစနစ်၏ ပြင်ပ၌ သက်ရှိတို့ နေထိုင်နိုင်သော ဂြိုဟ်တစ်လုံးတည်ရှိကြောင်း အမေရိကန် အာကာသ အေဂျင်စီ (နာဆာ)၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။**

နာဆာရှိ နက္ခတ္တဗေဒပညာရှင်များသည် ကက်ပလာ(Kepler) အမည်ရှိ အာကာသအဝေးကြည့်မှန်ပြောင်းမှ ပေးပို့သော မှတ်တမ်းများကို ကိုးကားကာ နေစကြဝဠာပြင်ပ၌ သက်ရှိတို့ နေထိုင်နိုင်သော ဂြိုဟ်တစ်လုံး တည်ရှိသည်ဟု အတည်ပြုလိုက်ကြခြင်းဖြစ်သည်။

### ရှာဖွေတွေ့ရှိ

နေစကြဝဠာပြင်ပ၌ ကမ္ဘာကဲ့သို့သော ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်းရှိ နက္ခတ္တသိပ္ပံပညာရှင်များက နေစကြဝဠာပြင်ပ၌ သက်ရှိများ နေထိုင်နိုင်ဖွယ်ရှိသော ဂြိုဟ်များ တည်ရှိခြင်းရှိ၊ မရှိ စူးစမ်းလေ့လာလျက်ရှိကြသည်။

### ထုတ်ပြန်ကြေညာ

ပြင်သစ် နက္ခတ္တသိပ္ပံပညာရှင်များသည် နေစကြဝဠာပြင်ပ၌ သက်ရှိတို့နေထိုင်နိုင်သော ဂြိုဟ်တစ်လုံးတည်ရှိနေသည်ကို တွေ့ရှိရသည်ဟု ယခုနှစ်အစောပိုင်းက

### ဘာသာပြန် - တက်လူ

ထုတ်ပြန်ကြေညာခဲ့သည်။

နေစကြဝဠာပြင်ပရှိ အဆိုပါဂြိုဟ်ကို Kepler-22b ဟုအမည်ပေးထားပြီး ယင်းဂြိုဟ်ကို ၂၀၀၉ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။

Kepler-22b ဂြိုဟ်သည် ကမ္ဘာ၏ အရွယ်အစားနှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၄ ဆကြီးမားပြီး ယင်းဂြိုဟ်သည် နေကဲ့သို့သော ကြယ်တစ်လုံးကို ရက်ပေါင်း ၂၉၀ လျှင် တစ်ပတ်လှည့်ပတ်လျက်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားကြသည်။

ယင်းဂြိုဟ်မျက်နှာပြင်အနီးရှိ အပူချိန်သည် ၇၂ ဒီဂရီ ဖာရင်ဟိုက် (၂၂ ဒီဂရီ ဆဲလ်စီးယပ်စ်) ရှိသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းသည်။ သို့ရာတွင် ယင်းဂြိုဟ်၏ မျက်နှာပြင်သည် ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်း ရှိ၊ မရှိ အတိအကျမသိရပေ။ ***အင်တာနက်။***

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။